# ထိုင်းအစိုးရအနေဖြင့် မြန်မာစစ်အုပ်စု၏ နိုင်ငံတကာ ရာဇဝတ်မှုများတွင် ကြံရာပါပတ်သက်နေမှုကို အဆုံးသတ်ပြီး မှားယွင်းသောတရားဝင်မှု ပေးအပ်နေခြင်းကို ရပ်တန့်ရမည်

မြန်မာစစ်အုပ်စုခေါင်းဆောင်နှင့် စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်အား တရားဝင်ခရီးစဉ် ဖိတ်ကြားခဲ့သည့် ထိုင်းအစိုးရ၏ ဆုံးဖြတ်ချက်အပေါ် Justice For Myanmar က ရှုတ်ချလိုက်သည်။

အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ဥရောပသမဂ္ဂ၊ ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ထားသည့် မင်းအောင်လှိုင်သည် ဩဂုတ်လ ၆ ရက်နှင့် ၇ ရက်တို့တွင် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး၊ ထိုင်းဝန်ကြီးချုပ် အနုတင် ချန်ဝီရာကွန်နှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

ထို့ပြင် မင်းအောင်လှိုင်သည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ရန် ထိုင်း-မြန်မာစီးပွားရေးကောင်စီမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံရန် စီစဉ်ထားပြီး၊ ထိုတွေ့ဆုံခြင်းသည် ထိုင်းကုမ္ပဏီများ၏ တရားမဝင်စစ်အုပ်စုနှင့် ကြံရာပါပတ်သက်မှုကို ပိုမိုနက်ရှိုင်းလာစေမည့် အန္တရာယ်ရှိသည်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာစစ်အုပ်စုနှင့် ၎င်း၏လက်အောက်ခံပြည်သူ့စစ်အဖွဲ့များထံ ဘဏ္ဍာငွေ၊ စစ်လက်နက်နှင့် လေယာဉ်ဆီစီးဆင်းမှု အရင်းအမြစ်အားလုံးကို ဖြတ်တောက်ရန်၊ ၎င်းတို့၏ နိုင်ငံဖြတ်ကျော်နှင့် နိုင်ငံတကာရာဇဝတ်လုပ်ရပ်များအတွက် ၎င်းတို့နှင့် အပေါင်းအပါများအား ရာဇဝတ်ကြောင်းအရ အရေးယူတာဝန်ခံစေရေး ဆောင်ရွက်ရန် Justice For Myanmar က တောင်းဆိုသည်။ ထိုင်းနိုင်ငံအနေဖြင့် စစ်အုပ်စုအား မှားယွင်းသော တရားဝင်မှုပေးအပ်ခြင်းကိုလည်း ရပ်တန့်ရမည် ဖြစ်သည်။

စစ်အုပ်စုနှင့် ၎င်းတို့၏ အဖွဲ့အစည်းများနှင့် စီးပွားရေးပတ်သက်လုပ်ဆောင်ခြင်းသည် စစ်အုပ်စုကျူးလွန်သော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများတွင် ကြံရာပါပတ်သက်မှုဖြစ်စေနိုင်ပြီး၊ နိုင်ငံတကာဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခံရနိုင်သည့် အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နိုင်

ကြောင်း မင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည့် စီးပွားရေးလုပ်ငန်းများအား Justice For Myanmar က သတိပေးလိုက်သည်။

## ထိုင်းစစ်တပ်၏ ကြံရာပါဖြစ်မှု

နိုင်ငံတကာရာဇဝတ်မှုများကို လုံးဝအပြစ်ဒဏ်မခံရဘဲ ကျူးလွန်နေသော စစ်အုပ်စုနှင့် စစ်ရေးဆက်ဆံမှုကို နက်နက်ရှိုင်းရှိုင်း တိုးမြှင့်လုပ်ဆောင်နေသော ထိုင်းနိုင်ငံသည် ယင်းစစ်အုပ်စု ကျူးလွန်လျက်ရှိသည့် ရာဇဝတ်မှုများတွင် ကြံရာပါ ပါဝင်ပတ်သက်နေမှု အန္တရာယ်ရှိနေသည်။

Justice For Myanmar ၏ နောက်ဆုံးရ သတင်းရင်းမြစ်များအရ ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် ထိုင်းနှင့် မြန်မာစစ်အုပ်စု၏ လေတပ်များသည် မောင်းသူမဲ့လေယာဉ် (UAV) များဆိုင်ရာ ကျွမ်းကျင်သူများ၏ လျှို့ဝှက်အစည်းအဝေးတစ်ရပ်ကို မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည်။ ထိုင်းဘက်မှ ပါဝင်သူများသည် မြန်မာလေတပ်ဌာနချုပ်တစ်ခုသို့ သွားရောက်ခဲ့ပြီး၊ တရုတ်နိုင်ငံထုတ် CH-3 UAV များအား စစ်အုပ်စု အသုံးပြုနေမှုကို လေ့လာခဲ့ကြသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် ထိုင်းလေတပ်သည် ထိုစဉ်က မြန်မာစစ်အုပ်စု၏ လေတပ်ချုပ်၊ ဗိုလ်ချုပ်ကြီးဖြစ်သူ ထွန်းအောင်နှင့် တွေ့ဆုံခဲ့ပြီး၊ စစ်အုပ်စုအား ၎င်းတို့၏ လေတပ် တပ်ကြပ်သင်တန်းတွင် ပါဝင်ခွင့်နှင့် UAV သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖလှယ်မှုများ ပြုလုပ်ရန် ကမ်းလှမ်းခဲ့သည်။

အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ဥရောပသမဂ္ဂနှင့် ကနေဒါတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခံထားရသည့် ထွန်းအောင်သည် ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် စစ်အုပ်စု၏ ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။

မြန်မာစစ်တပ်က နိုင်ငံတဝန်း အရပ်သားပြည်သူများအပေါ် ဦးတည်တိုက်ခိုက်နေသည့် လေကြောင်းစစ်ဆင်ရေးများနှင့် ဒရုန်းစစ်ဆင်ရေးများ တိုးချဲ့လုပ်ဆောင်လာနေချိန်တွင် အဆိုပါ လေတပ်အချင်းချင်း

ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်သည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ၂၀၂၅ ခုနှစ်တွင် အရပ်သားပြည်သူ အနည်းဆုံး ၉၈၂ ဦး သေဆုံးခဲ့ပြီး၊ ယင်းမှာ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၃ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက အစီရင်ခံတင်ပြခဲ့သည်။ ထိုနှစ်သည် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ကလေးသူငယ်သေဆုံးမှု အများဆုံးနှစ်လည်း ဖြစ်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတို့တွင် ကျင်းပခဲ့သည့် အတုအယောင်ရွေးကောက်ပွဲနောက်ပိုင်း ထိုင်းရေတပ်သည်လည်း မြန်မာစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လာ ခဲ့သည်။ ထိုင်းစစ်သင်္ဘောတစ်စင်းသည် မတ်လကုန်ပိုင်းတွင် ရန်ကုန်သို့ "ချစ်ကြည်ရေးခရီးစဉ်" သွားရောက်ခဲ့သည်။ ထို့နောက် ဇွန်လတွင်ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံရေတပ် ဆွေးနွေးပွဲများတွင် "ပူးတွဲလေ့ကျင့်ရေးဆိုင်ရာ အခွင့်အလမ်းများကို" ဆွေးနွေးခဲ့ကြကြောင်း စစ်အုပ်စု၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာစစ်အုပ်စု၏ ရေတပ်သည် အရပ်သားများကို သေဆုံးစေသည့် အဆင်ခြင်မဲ့တိုက်ခိုက်မှုများနှင့် ရိုဟင်ဂျာများအား တရားဥပဒေမဲ့ ဖမ်းဆီးမှုများအတွက် တာဝန်ရှိသည်။

## ထိုင်းကော်ပိုရိတ်များ၏ ကြံရာပါဖြစ်မှု

ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချမှုမှရရှိသည့် ဝင်ငွေများသည် စစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများအတွက် ငွေကြေးထောက်ပံ့လျက်ရှိသည်။

ထိုင်းနိုင်ငံ၏ အစိုးရတစ်စိတ်တစ်ပိုင်းပိုင် စတော့အိတ်ချိန်းစာရင်းဝင် စွမ်းအင်ကုမ္ပဏီ PTT Exploration and Production Public Company Limited (PTTEP) သည် မြန်မာစစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားသည့် မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) နှင့် ပူးပေါင်း၍ ရတနာနှင့် ဇောတိကကမ်းလွန် သဘာဝဓါတ်ငွေ့စီမံကိန်းများနှင့် ဆက်စပ်ပိုက်လိုင်းစီမံကိန်းများကို ကြီးကြပ်လုပ်ကိုင်လျက်ရှိသည်။

ယင်းစီမံကိန်းများမှ ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့ကို ထိုင်းနိုင်ငံသို့ တင်ပို့ပြီး၊ PTTEP ၏ မိခင်ကုမ္ပဏီဖြစ်သည့် PTT Public Company Limited ထံသို့ ရောင်းချသည်။

MOGE သည် စစ်အုပ်စုအတွက် နိုင်ငံခြားဝင်ငွေ အများဆုံး ရရှိစေသည့် တစ်ခုတည်းသော အရင်းအမြစ်ဖြစ်ပြီး၊ စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲရန် လိုအပ်သည့် လေယာဉ်ဆီနှင့် စစ်လက်နက်များအတွက် ငွေကြေးထောက်ပံ့လျက်ရှိသည်။ စစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများ ပိုမိုပြင်းထန်လာသော်လည်း PTTEP သည် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ဆက်လက်လုပ်ကိုင်လျက်ရှိသည့်အပြင် တွင်းသစ်များ တူးဖော်ခြင်းဖြင့် လုပ်ငန်းများကိုပင် တိုးချဲ့လျက်ရှိသည်။

ယင်းစီမံကိန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းဖြင့် PTTEP၊ PTT နှင့် ထိုင်းအစိုးရတို့သည် မြန်မာစစ်အုပ်စု၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများတွင် ကြံရာပါပတ်သက်လျက်ရှိသည်။

ဗြိတိန် ပင်လယ်ရပ်ခြားနယ်မြေများရှိ PTTEP ၏ ပိုက်လိုင်းကုမ္ပဏီများသည် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ယူကေဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်မှုမြောက်နိုင်သည့် သံသယများလည်း ရှိနေသည်။ PTTEP သည် MOGE နှင့် ဖက်စပ်လုပ်ငန်းနှစ်ခုတွင် ရှယ်ယာအများစုကို ပိုင်ဆိုင်ထားသည်။ အဆိုပါဖက်စပ်လုပ်ငန်းများသည် Bermuda နှင့် Cayman Islands တို့တွင် မှတ်ပုံတင်ထားပြီး၊ ရတနာနှင့် ဇောတိကစီမံကိန်းများမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်သည့် ပိုက်လိုင်းများကို ကြီးကြပ်လုပ်ကိုင်သည်။

Bermuda နှင့် Cayman Islands အာဏာပိုင်များအနေဖြင့် PTTEP ၏ ပိုက်လိုင်းကုမ္ပဏီများကို အပြည့်အဝစုံစမ်းစစ်ဆေးပြီး၊ ယူကေဒဏ်ခတ်ပိတ်ဆို့မှုများအရ အရေးယူတာဝန်ခံစေရေး ဆောင်ရွက်ရန် JFM မှ ဆက်လက်တောင်းဆိုသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် အဆိုပါအာဏာပိုင်များထံ ဥပဒေ ရေးရာ တိုင်ကြားချက်များကို JFM က ပေးပို့ခဲ့ပြီးလည်းဖြစ်သည်။

ထိုင်းနိုင်ငံသည် ယခုအခါ မြန်မာစစ်အုပ်စု၏ စစ်လက်နက်ဝယ်ယူရေးအတွက် အဓိက ဘဏ္ဍာရေးအချက်အချာ နေရာတစ်ခုလည်း ဖြစ်လာနေပြီ ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်က ထိုင်းနိုင်ငံအား နိုင်ငံတကာဘဏ်စနစ်များမှတဆင့် မြန်မာစစ်အုပ်စုဝယ်ယူသည့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများအတွက် အဓိကရင်းမြစ်နိုင်ငံအဖြစ် သတ်မှတ်ခဲ့သည်။ စင်ကာပူမှတဆင့် အလားတူ ငွေကြေးလွှဲပြောင်းမှုများ သိသိသာသာ လျော့ကျလာပြီးနောက်ပိုင်း ယခုကဲ့သို့ ထိုင်းနိုင်ငံက အဓိကနေရာ ရောက်လာခြင်း ဖြစ်သည်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ အဆိုအရ ၂၀၂၂ နှင့် ၂၀၂၃ ဘဏ္ဍာရေးနှစ်များအတွင်း ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများမှတဆင့် မြန်မာစစ်တပ်ထံ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့မှုသည် နှစ်ဆကျော် မြင့်တက်လာပြီး၊ အမေရိကန်ဒေါ်လာ သန်း ၁၃၀ နီးပါး တန်ဖိုးအထိ ရှိခဲ့သည်။

ထိုင်းကုမ္ပဏီများသည် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုများကြောင့် နည်းလမ်းသစ်များဖြင့် ပုံစံပြောင်းလဲ လာသည့် စစ်အုပ်စု၏ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်တွင် ပါဝင်ပတ်သက်နေသည်။ ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ မှတ်ပုံတင်ထားသော ကုမ္ပဏီနှစ်ခုသည် ထိုင်းဘဏ်များမှတစ်ဆင့် မြန်မာစစ်အုပ်စုအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ တန်ဖိုးရှိ လေယာဉ်ဆီဝယ်ယူမှုများကို ဖော်ထုတ်ခဲ့သည်။ စစ်အုပ်စုသည် ၎င်းတို့၏ လေကြောင်းအကြမ်းဖက်စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်နိုင်ရန် လေယာဉ်ဆီထောက်ပံ့မှုအပေါ် မှီခိုနေရသည်။

ထိုင်းဘဏ်များသည် စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားသည့် နိုင်ငံပိုင်ဘဏ်များအတွက် nostro account များကိုလည်း ပံ့ပိုးပေးနေပြီး၊ ယင်းမှတစ်ဆင့် စစ်အုပ်စုအား နိုင်ငံတကာဘဏ္ဍာရေးစနစ်အတွင်း ဝင်ရောက်အသုံးပြုခွင့် ပေးအပ်နေသည်။

## **စစ်အုပ်စုသည် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်**

မင်းအောင်လှိုင်၏ ခရီးစဉ်တွင် ဆိုက်ဘာလိမ်လည်မှုဆိုင်ရာဆွေးနွေးရန်အစီအစဉ် ပါဝင်သည်။ သို့ရာတွင် ထိုင်းနိုင်ငံအနေဖြင့် ဆိုက်ဘာလိမ်လည်မှုများကို အမှန်တကယ် အမြစ်ပြတ်တိုက်ဖျက်လို

ပါက ယင်းရာဇဝတ်မှုများ၏ အဓိကဇစ်မြစ် ဖြစ်သော စစ်အုပ်စုကို ပစ်မှတ်ထားအရေးယူရမည် ဖြစ်သည်။

မြန်မာစစ်တပ်သည် ရာဇဝတ်စီးပွားလုပ်ငန်းများကွန်ရက်၏ ဗဟိုချက်တွင် ရှိနေပြီး၊ မြန်မာစစ်တပ် ကွပ်ကဲမှု အောက်ရှိ ကရင်နယ်ခြားစောင့်တပ် (BGF) (ကရင်အမျိုးသားတပ်မတော် ဟုလည်း သိကြသည်) ကို လက်သပ်မွေးမြူကာ ထောက်ပံ့ကာကွယ်ပေးထားသည်။

စစ်တပ်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းကြိုးပမ်းမှုစတင်ပြီးနောက်ပိုင်း မြန်မာနိုင်ငံ၊ မြဝတီ မြို့နယ်အတွင်းတွင် ဆိုက်ဘာငွေလိမ်လုပ်ငန်းများ အဆမတန် များပြားလာခဲ့သည်။

မြန်မာစစ်တပ်နှင့် လက်အောက်ခံပြည်သူ့စစ်အဖွဲ့များသည် မြန်မာနိုင်ငံတွင်းရှိ ဆိုက်ဘာငွေလိမ်လုပ်ငန်းများ မှ အကျိုးအမြတ်များ ရရှိနေကြပြီး၊ ယင်းလုပ်ငန်းများသည် ၎င်းတို့ကျူးလွန်သော နိုင်ငံတကာရာဇဝတ်မှု များအတွက် ငွေကြေးထောက်ပံ့လျက်ရှိသည်။

ကရင်နယ်ခြားစောင့်တပ်(BGF)၏ တပ်မှူးဖြစ်သူ မုတ်သုန်အား လူကုန်ကူးမှုစွဲချက်များဖြင့် ထိုင်းအာဏာပိုင် များက ဖမ်းဝရမ်းထုတ်ထားကြောင်းသတင်းများကို Justice For Myanmar က ကြိုဆိုသည်။ သို့ရာတွင် ထိုင်းအာဏာပိုင်များအနေဖြင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများနှင့် လူကုန်ကူးမှုများအတွက် တာဝန်ရှိသည့် စောချစ်သူ (စံမြင့်)၊ တင်ဝင်း အပါအဝင် စစ်အုပ်စုနှင့် လက်အောက်ခံပြည်သူ့စစ်အဖွဲ့များမှ အခြားလူပုဂ္ဂိုလ် များကိုလည်း ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်နိုင်ရေး အလျင်အမြန် လုပ်ဆောင်ရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် မင်းအောင်လှိုင်မိသားစုနှင့် စစ်အုပ်စုခရိုနီများသည် ၎င်းတို့၏ မတရားသဖြင့် ရရှိထား သော ပိုင်ဆိုင်မှုများကို ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားကြသည်။ ၂၀၂၆ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ခဲ့သည့် Justice For Myanmar ၏ စုံစမ်းဖော်ထုတ်ချက်အရ မင်းအောင်လှိုင်၏ မိသားစုဝင်များသည် ၂၀၂၂ ခုနှစ် တွင် ဘန်ကောက်မြို့ရှိ Issara Residence Rama 9 အိမ်ရာစီမံကိန်းမှ ထိုင်းဘတ် ၉၈ သန်း (အမေရိကန် ဒေါ်လာ ၃ သန်းနီးပါး) တန်ဖိုးရှိသော တန်ဖိုးကြီး ဇိမ်ခံအိမ်ရာတစ်ခုကို ဝယ်ယူခဲ့ကြောင်း တွေ့ရှိရသည်။

ထိုင်းအစိုးရအနေဖြင့် အဆိုပါအိမ်ခြံမြေဝယ်ယူမှုတွင် ပါဝင်ပတ်သက်နေသော မင်းအောင်လှိုင်နှင့် ၎င်း၏ မိသားစုဝင်များအပါအဝင် ပါဝင်သူအားလုံးကို အရေးပေါ် စုံစမ်းစစ်ဆေး တရားစွဲဆိုမှုများ ပြုလုပ်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို သိမ်းဆည်းကာ နိုင်ငံတကာ တာဝန်ခံမှုဖော်ဆောင်ရေး ကြိုးပမ်းမှုများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

## တရားမဝင်စစ်အုပ်စုအား တရားဝင်မှုပေးအပ်နေခြင်းကို ရပ်တန့်ပါ

မင်းအောင်လှိုင်သည် ရာဇဝတ်ကောင်အဖြစ် ၎င်းကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံရမည်ဖြစ်ပြီး မှားယွင်းသည့်မည်သည့်တရားဝင်မှုမျိုးကိုမျှ ချီးမြှင့်ခံရခြင်းမျိုး မဖြစ်သင့်ပါ။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC) ၏ ရှေ့နေအဖွဲ့သည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအတွက် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားခဲ့သည်။

အာဂျင်တီးနားနိုင်ငံ၏ ဖက်ဒရယ်ရာဇဝတ်တရားရုံးကလည်း ရိုဟင်ဂျာများအပေါ် လူမျိုးတုံး သတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပြန်ထားသည်။

မင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ၎င်းကိုယ်တိုင် ကြိုးကိုင်ကျင်းပခဲ့သည့် အတုအယောင်ရွေးကောက်ပွဲအပြီးတွင် မိမိကိုယ်ကို “သမ္မတ” အဖြစ် တင်မြှောက်ခံယူ ခဲ့ပြီး၊ တရားဝင်မှု ဖန်တီးရယူနိုင်ရန် ကြိုးပမ်းခဲ့သည်။

ထိုင်းအစိုးရသည် ၎င်း၏ လက်ရှိ သံတမန်ဆက်ဆံရေးများမှတစ်ဆင့် စစ်အုပ်စုအတွက် မှားယွင်းသော တရားဝင်မှုတစ်ရပ် ဆက်လက်ပေးအပ်ထားပြီး၊ မင်းအောင်လှိုင်၏ ခရီးစဉ်သည် ယင်းအခြေအနေကို ပိုမိုနက်ရှိုင်းလာစေမည် ဖြစ်သည်။

ယခုခရီးစဉ်သည် မြန်မာစစ်အုပ်စုနှင့် “ချိန်ညှိတွက်ချက်၍ ပြန်လည်ထိတွေ့ဆက်ဆံခြင်း” ဟူသော ထိုင်းနိုင်ငံ၏ မအောင်မြင်သော မူဝါဒကို ထင်ဟပ်စေပြီး ယင်းမူဝါဒသည် မြန်မာနိုင်ငံသားများ၏ လက်ရှိအတိဒုက္ခများကို ပိုမိုရှည်ကြာစေမည်သာဖြစ်သည်။

Justice For Myanmar သည် ထိုင်းအစိုးရ၏ တရားမဝင်စစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံခြင်းအပါအဝင် စစ်အုပ်စုအား အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့ ပြန်လည်ပါဝင်စေရန် ထိုင်းနိုင်ငံ၏ ကြိုးပမ်းမှုများကို ရှုတ်ချပါသည်။ ယင်းတွင် စစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးနှင့် ဒေသဆိုင်ရာအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံခဲ့သည့် အစည်းအဝေးကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့မှုလည်း ပါဝင်ပါသည်

။အာဆီယံအနေဖြင့် မြန်မာစစ်တပ်နှင့် ဆက်ဆံရေးကို ပုံမှန်ပြန်ဖြစ်စေရန် ထိုင်းနိုင်ငံ၏ ကြိုးပမ်းမှုများကို ပယ်ချပြီး၊ စစ်အုပ်စုအား အာဆီယံအစည်းအဝေးများမှ တားမြစ်ထားရမည်ဖြစ်သည်။ စစ်အုပ်စုအား အာဆီယံတွင် မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့်ပေးခြင်းသည် ၎င်းတို့ကျူးလွန်လျက်ရှိသည့် နိုင်ငံတကာရာဇဝတ်မှုများတွင် အာဆီယံ၏ ကြံရာပါဖြစ်မှုကို ပိုမိုနက်ရှိုင်းစေမည်သာဖြစ်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “ဒီခရီးစဉ်ကနေတစ်ဆင့် မင်းအောင်လှိုင်နဲ့ စစ်အုပ်စုကို မှားယွင်းတဲ့တရားဝင်မှု ပေးအပ်မယ့် ထိုင်းအစိုးရရဲ့ ဆုံးဖြတ်ချက်ကို JFM က ရှုတ်ချပါတယ်။

မင်းအောင်လှိုင်က ထိုင်းနိုင်ငံကို သဘာဝဓါတ်ငွေ့ရောင်းချမှုကနေ ရရှိလာတဲ့ အခွန်ဝင်ငွေတွေနဲ့ မြန်မာကလေးသူငယ်တွေကို သတ်ဖြတ်နေပြီး၊ စာသင်ကျောင်းတွေနဲ့ ဆေးရုံတွေကို ဗုံးကြဲတိုက်ခိုက်နေပါတယ်။ ဒါဟာ ဘယ်လိုမှ ကာကွယ်ပြောဆိုပေးလို့ မရတဲ့ လုပ်ရပ်ပါ။

ထိုင်းနိုင်ငံအနေနဲ့ မင်းအောင်လှိုင်နဲ့ သူ့ရဲ့ ရာဇဝတ်ဂိုဏ်းကွန်ရက်ကို စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်သင့်ပြီး၊ သူတို့ရဲ့ တရားမဝင်ပိုင်ဆိုင်မှုတွေကို သိမ်းယူသင့်ပါတယ်။ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေနဲ့ နိုင်ငံတကာရာဇဝတ်မှုတွေအတွက် တာဝန်ရှိသူတွေကို တရားစွဲဆို အပြစ်ပေးနိုင်ရေးအတွက် ဒေသတွင်းနဲ့ နိုင်ငံကာမိတ်ဖက်များနဲ့အတူ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

အဲဒီလိုလုပ်ရမယ့်အစား ထိုင်းနိုင်ငံက မြန်မာပြည်သူတွေရဲ့ သွေးတွေနဲ့ စွန်းထင်းနေတဲ့ စစ်ရာဇဝတ်ကောင် အဖြစ် စွပ်စွဲခံထားရသူတစ်ဦးကို ကော်ဇောနီခင်း ကြိုဆိုနေပါတယ်။

မြန်မာပြည်သူတွေက စစ်အုပ်စုကို ရဲရဲဝံ့ဝံ့ ကန့်ကွက်ဆန့်ကျင်လာခဲ့တာ ငါးနှစ်ကျော်လာပြီ ဖြစ်ပါတယ်။ မြန် မာ့အိမ်နီးချင်း ထိုင်းနိုင်ငံအနေနဲ့ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံအတွက် ရုန်းကန်ကြိုးပမ်းနေသူ တွေနဲ့အတူ ခိုင်ခိုင်မာမာ ရပ်တည်ပေးရပါမယ်။

တရားမဝင် မြန်မာစစ်အုပ်စုကို ငြင်းပယ်ခြင်းကသာ လက်ရှိအကျပ်အတည်းကို ဖြေရှင်းနိုင်ရေးနဲ့ မြန်မာ၊ ထိုင်းနဲ့ ဒေသတွင်း ရေရှည်လုံခြုံဘေးကင်းရေးကို အာမခံနိုင်ဖို့အတွက် တစ်ခုတည်းသော နည်းလမ်းပဲ ဖြစ်ပါ တယ်” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

Justice For Myanmar သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော် ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှုများမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**

**https://bsky.app/profile/justiceformyanmar.org** |

**https://www.facebook.com/justiceformyanmar.org/**